၂၀၂၂ ခုနှစ်၊ မတ်လ အထူးထုတ်

IOWA CareGivers

# THE HUB

တိုက်ရိုက်ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် ပညာရေး၊ သုတသေန၊ အသိ အမှတ်ပြုခြင်းနှင့် အဆိုပြုထောက်ခံအားပေးခြင်းဖြင့် အိုင်အိုဝါပြည်သူ□သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပံ့ပိုးမှုကို တိုးမြှင့်သွားမည်ဖြစ်ပါသည်။

အရည်အသွေးပြည့်မီသောကျန်းမာရေးစောင့်ရှောက်မှု ဌာနများထံ တင်းအချက်အလက် ပေးပို့ခြင်း

## လူသားများအားလုံး ကျွန်ုပ်တို့ချစ်ပါသည်။

SCOUT



INDI



Mask ကို စနစ်တကျ တပ်ဆင်ပါ။

ZIGGY



လက်များကိုဆေးကြောပါ။

MAISY




ကာကွယ်ဆေးထိုးပါ။

BELLA





Carly Clauson
လက်မှတ်ရ သူနာပြုအကူ (CNA)

## WEST RIDGE ကျန်းမာရေးစောင့်ရှောက်မှုစင်တာတွင် ကာကွယ်ဆေးထိုးနှံမှုနှုန်း ၁၀၀ % အောင်မြင်ခဲ့ခြင်း

ကျန်းမာရေးဝန်ထမ်းတစ်ဦးအနေဖြင့် ကာကွယ်ဆေးထိုးနှံခြင်းသည် အလွန်အရေးကြီးပြီး အကာအကွယ်တစ်ခုအနေဖြင့် အထောက်အကူပြုသည်။ COVID ကြောင့် လူပေါင်း ၈၀၀,၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသော်လည်း ကာကွယ်ဆေးထိုးနှံထား သူများသည် ဆေးရုံတက်ရန် (သို့) ရောဂါပိုး ကြောင့် သဆုံးနိုင်ခြေ အလွန်နည်းပါးပါသည်။ အခြားသူ များနာမကျန်း ဖြစ်ခြင်းမှ ပြန်လည် ကောင်းမွန်လာစေရန်အတွက် ကူညီရန်ဆုံးဖြတ်ထား ပါက၊ သင်၏ကျန်းမာရေးကို ဦးစွာဂရုစိုက် ရန် လိုအပ်ပါသည်။ အကယ်၍ သင်သည် ကျန်းမာရေးဝန်ထမ်းဖြစ်ပါက သင်ကိုယ်တိုင်နှင့် သင်၏လူနာများကို ကူညီပေးသည့် အနေဖြင့် ကာကွယ်ဆေးထိုးနှံပါ။

(Feature တစ်ခုလုံးကို စာမျက်နှာ ၆□၈ တွင် ကြည့်ပါ)



Toyin Akinola
မှတ်ပုံတင်ထားသော သူနာပြု (RN)

## လူမျိုးခြားများ၏ COVID-19 ကာကွယ်ဆေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ နှင့်ပတ်သက်ပြီး Dr. Akinola ၏ သုံးသပ်ချက်

... စနစ်တွအေပေါ် ကျွန်မယုံကြည်မှု သိပ်မရှိဘူး... အတိတ်က ကျရှုံးခဲ့တဲ့ စနစ်ကို ကျွန်မပြန်လည် ယုံကြည်လာရန် သင်ဘာပြောနိုင်မလဲ။

(စာမျက်နှာ ၅ တွင် ဆက်ရန်)



## ကာကွယ်ဆေးများနှင့်ပတ်သက်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ ၏ စစ်တမ်း ရလဒ် များသည် သင့်ကို အံ့အားသင့်စေနိုင်ပါလိမ့်မည်။

(စာမျက်နှာ ၃ တွင် ဆက်ရန)

- ကာကွယ်ဆေးမဖြစ်မနေထိုးရန် ဥပဒေပြဋ္ဌာန်းချက်ကို သင် ထောက်ခံပါသလား။
- ကာကွယ်ဆေးဆိုင်ရာ ဥပဒေပြဌာန်းချက်များကြောင့် သင်သည် ဤ အလုပ်နယ်ပယ်မှ ထွက်ရန် အလားအလာပိုများပါသလား။
- ကာကွယ်ဆေးဆိုင်ရာ ဥပဒေပြဌာန်းချက်များကြောင့် သင်သည် ဤ အလုပ်နယ်ပယ်တွင် ဆက်လက်ရှိနေနိုင်ခြေ ပိုများပါသလား။

လျင်မြန်စွာပြောင်းလဲနေသော အခြေအနေများနှင့်အတူ ပုံနှိပ်ထုတ်ဝေသည့်အချိန်တွင် နောက်ဆုံးရရှိထားသည့် သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို တင်ပြချက်များ ဖြစ်ပါသည်။

သတင်းအချက်အလက်များ အမြဲယူပါ။ အခြားသူများနှင့် မျှဝေပါ။ အီလက်ထရွန်းနစ်ဗားရှင်းကို https://www.iowacaregivers.org/hub-newsletter တွင် ရရှိနိုင်ပါသည်။

ပါဝင်ရေးသားပေးကြသော စာရေးဆရာများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ Iowa Department of Public Health Equity နှင့် Prioritizing COVID-19 Vaccine Access for Populations Disproportionately Affected တို့၏ COVID-19 စာချုပ် #5882IMM010 မှ ကမကထလုပ်ဆောင်ပေးခြင်းဖြစ်ပါသည်။



**Di Findley**
*Executive Director*

## ကပ်ရောဂါနှင့်ပတ်သက်ပြီးအိမ်မွေးတိရစ္ဆာန်များဆိုင်ရာ ရှုထောင့်

ကျွန်ုပ်တို့၏ ယုံကြည်စိတ်ချရသော New Trusted Messengers ကို ဆွဲဆောင်နိုင်ရန် □□□ ၏ ဤထုတ်ဝေမှုတွင်၊ ကူးစက်ရောဂါ၏ရိုက်ခတ်မှုကို ခံစားနေရသည့် ကျွန်ုပ်တို့၏ ခြေလေးချောင်းသတ္တဝါသူငယ်ချင်းများ၏ ရှုထောင့်အားဖြင့်ကြည့်ရှုပြီးဟာသအသွင် ထည့်သွင်းလိုပါသည်။ ကျွန်ုပ်လက်ခံရရှိသည့် ရာနှင့်ချီသော လမ်းညွှန်ချက်အသစ်များနှင့် နောက်ဆုံးစာရင်းအင်းများကို ကျွန်ုပ်လစ်လျူရှုလိုက်ပါပြီ။ အကြောင်းမှာ ၎င်းတို့သည် စိတ်ကိုအလွန် ပင်ပန်းစေသောကြောင့်ဖြစ်သည်။ သင့်အိမ်မွေးတိရစ္ဆာန်များသည် လွန်ခဲ့သည့် ၂ နှစ်တာအတွင်း မည်သို့တွေးတောနေမည်ကို အချိန်ခဏပေး စဉ်းစားပြီး၎င်းတို့၏အကြံဉာဏ်ကို လိုက်နာပါ။

## ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်များနှင့် စိုးရိမ်ပူပန်မှုများသည် ကျွန်ုပ်တို့၏အတွေ့အကြုံများမှ အမြစ်တွယ်သည်

ကျွန်ုပ်၏မိခင်သည် ကာကွယ်ဆေးများမပေါ်ပေါက်မီ ၁၉၁၈ ခုနှစ် ကပ်ရောဂါကာလ အတွင်းတွင် မွေးဖွားခဲ့ပြီး ကျွန်ုပ်အဘိုးအဘွားများပြောပြခဲ့သည့်လူပေါင်းများစွာအသက ဆုံးရှုံးခဲ့ရသည့်အကြောင်းများ၊ သားသမီးများ သို့မဟုတ် ၎င်းတို့ကိုယ်တိုင်၏ အသက်များ ဆုံးရှုံးရမည်ကို ကကြောက်ရွံ့ခဲ့ကြပုံကို ကျွန်ုပ်အမှတ်ရမိပါသည်။ ကျွန်ုပ်အသက် ခုနစ်နှစ်အရွယ် ၁၉၅၅ ခုနှစ်တွင် ပိုလီယို ကာကွယ်ဆေးကို ပထမအကြိမ်ရရှိသည့် ကလေးများတွင် ကျွန်ုပ်ပါဝင်ခဲ့သည်။ ပိုလီယိုရောဂါဒဏ်ခံရသော ကျွန်ုပ်၏ရွယ်တူများကို မငြိမြင်ပြီးနောက်၊ ကျွန်ုပ်နှင့်အတန်းဖော် များသည် ကျွန်ုပ်တို့၏ကျောင်းအားကစားရုံတစ်လျှောက် တန်းစီကာ အဖျူရောင် ယူနီဖောင်းနှင့်ဦးထုပ်ကိုဝတ်ထားသည့် သူနာပြုဆရာမထံမှ ကာကွယ်ဆေးကိုလက်ခံ ထိုးနှံရန် ကျွန်ုပ်တို့၏အလှည့်ကို စောင့်မျှော် နေခဲ့ပါသည်။ ကျွန်ုပ်မသမီးလေးရဲ့ ငယ်စဉ် ကလေးဘဝကာကွယ်ဆေးများအားလုံးရရှိစေရန် သေချာ လုပ်ဆောင်ပြီး ၁၉၇၀ ခုနှစ် အစောပိုင်းတွင် ရင်ကျက်ရောဂါ ကာကွယ်ဆေးထိုးရန် ကလေးအထူးကု ဆရာဝန်ထံ ခေါ်သွားသည့်အခါ ရင်ကျက်ရောဂါမှာ စိုးရိမ်စရာရောဂါ မဟုတ်တော့သည့်အတွက် ကာကွယ်ဆေးမထိုးပေးတော့ကြောင်း ပြောပြခဲ့သည်။ ထိုအရာက ကျွန်ုပ်အား ယနေ့အထိ စိတ်ပူပန်စေပါသည်။ ကျွန်ုပ်မခြေးမစ်များသည် ကျွန်ုပ်ကြောင့် ရောဂါကူးစက်ခံရပြီးအပြင်းအထန် ဖျားနာ ခဲ့လျှင် ကျွန်ုပ်အသက်ဆက်ရှင်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တွင် ကျန်းမာရေးပြဿနာအချို့ ရှိသော်လည်း ကျွန်ုပ်၏ ဤအတွေ့အကြုံများနှင့် အတွေးအမြင်များက COVID ကာကွယ် ဆေးနှင့် booster ထိုးနှံရန် ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးခဲ့သည်။

လူတစ်ဦးတစ်ယောက်စီတိုင်းတွင် မည်သို့သောဆုံးဖြတ်ချက်ချရမည်ကို လှုံ့ဆော်ပေး သည့် ကိုယ်စီအတွေ့အကြုံများရှိသည်။ လူမျိုးခြားများတွင် မတူညီသောစိုးရိမ်မှုများ ရှိနိုင်သည်။ မသန်စွမ်းသူများသည် သီးခြား မေးခွန်းများ ရှိကောင်းရှိနိုင်သည်။ ကိုယ်ဝန်ရှိသူများသည် ပို၍ ချီတုံချတုံဖြစ်နိုင်သည်။ အကြံဉာဏ်ရယူရန် ယုံကြည်စိတ်ချရသော ကိုယ်ပိုင် messengers ထံ တိုင်ပင်ဆွေးနွေးမှုများရှိကြောင်းကိုလည်း ကျွန်ုပ်တို့သိရှိ နားလည်ပါ သည်။ အချို့သောသူများအတွက် ၎င်း messengers များမှာ သင့်မိသားစုဆရာဝန်၊ ဆေးဝါးဆိုင်ရာကျွမ်းကျင်သူ၊ လုပ်ဖော်ကိုင်ဖက်၊ အလုပ်ရှင်၊ ဆရာ၊ အခင်ဆုံးသူငယ်ချင်း၊ မိဘများ □သို့□ ဝိညာဉ်ရေးရာ ခေါင်းဆောင်များလည်းဖြစ်နိုင်သည်။ အခြားသူများအတွက် ၎င်းသည် ရောဂါထိန်းချုပ်ရေးစင်တာ □□□□□၊ သင်၏ပြည်တွင်း ပြည်သူ့ကျန်းမာရေး အေဂျင်စီ သို့မဟုတ် အိုင်အိုဝါပြည်သူ့ကျန်းမာရေးဌာနလည်း ဖြစ်နိုင်သည်။ သင်ချစ်ခင်ရသူများ၊ သင်ဝန်ဆောင်မှုပေးနေသော လူများ၊ သင့်အသိုင်းအဝိုင်းတစ်ခုလုံး၊ ကျောင်းများ၊ စီးပွားရေးနှင့်၊ သင့်ခြေလေးချောင်းသတ္တဝါသူငယ်ချင်းများအတွက် ကာကွယ်ဆေးထိုးခြင်း၏ ကောင်းကျိုးဆိုးကျိုးများအကြောင်း သေချာစဉ်းစားရန် သင့်အား ကျွန်ုပ်တို့ တိုက်တွန်းလိုပါသည်။ ကျွန်ုပ်တို့အားလုံးပါဝင်သည့်အကြောင်းမှာ ကျွန်ုပ်တို့၏အသက်များကို ဆက်လက်ရှင်သန်စေလိုသော ဆန္ဒတစ်ခုကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့အားလုံး မိမိကျရာကဏ္ဍ၌ ကိုယ်စီလုပ်ဆောင်ခြင်းဖြင့် ဤအရာကို အောင်မြင်နိုင်ပါသည်။

## ၂၀၂၂ ခုနှစ် ညီလာခံ SAVE THE DATES!



*Pam Biklen*
*Program Director,*
*Iowa CareGivers*

### တည်နေရာအသစ်-
**FFA Enrichment Center, Ankeny, IA**

ကျွန်ုပ်တို့၏ အစီအစဉ်မှာ လူကိုယ်တိုင် တက်ရောက် ရမည့်ပွဲကို ကျင်းပရန်ဖြစ်သော်လည်း လိုအပ်သလို ညှိနှိုင်းပေးမည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်အနည်းငယ် အတွင်း ကျွန်ုပ်တို့ တစ်စုံတစ်ရာကို သင်ယူခဲ့ပါက၊ ၎င်းမှာ လိုက်လျောညီထွေမှုရှိခြင်းနှင့် ဖွဲ့ရှိခြင်းများ ဖြစ် ပါလိမ့်မည်။ ညီလာခံ၌ သင်နှင့်တွေ့ဆုံရန် မျှော်လင့် ပါသည်။




- ညီလာခံ၏ အဓိကဆောင်ပုဒ်ကို မိန့်ခွန်း ဟောပြောသူများ
- Direct Care နှင့် Family Caregivers များအတွက် အံဝင်ခွင်ကျဖြစ်စေမည့် အစီအစဉ် ခေါင်းစဉ်များ
- Caregivers များနှင့် ချိတ်ဆက်ပေးခြင်း။
- ပျော်စရာဓာတ်ပုံ Booth
- အရင်းအမြစ်များစွာရှိသော တင်ပြသူများ
- COVID ကာကွယ်ရေးကိရိယာများ
- သင့်အား ဂုဏ်ပြုအသိအမှတ်ပြုနည့်ခံခြင်း။







Ziggy

## ZIGGY လက်ဆေးခြင်းအတွက် အထောက်အကူဖြစ်စေမည့် အကြံပြုချက်များ


"လက်ကို မကြာခဏဆေးကြောခြင်းနှင့် လက်သန့်ဆေးကို မှန်ကန်စွာအသုံးပြုခြင်းသည် COVID ပျံ့နှံ့မှုလျော့ကျစေရန်အတွက် အလွန်အရေးကြီးပါသည်။ ဘေးကင်းစေရန် ကျွန်ုပ်သည် ယဘေူယျအားဖြင့် လက်နှစ်ဖက်နှင့်မျက်နှာကို ဆေးကြောပါသည်။" Ziggy ၏အကြံပြုချက်အတိုင်း လက် သို့မဟုတ် လက်ဖဝါးများကို မကြာခဏဆေးပါ။

https://www.cdc.gov/handwashing/when-how-handwashing.html

## INDI ၏ MASK တပ်ဆင်ခြင်းဆိုင်ရာ အထောက်အကူဖြစ်စေမည့် အကြံပြုချက်များ

"မှန်ကန်တဲ့ Mask များကို မှန်ကန်စွာတပ်ဆင်ပါက သင်နဲ့ သင်အနီးနားရှိအခြားသူများ အား COVID ပျံ့နှံ့မှုကို ကာကွယ်ပေးနိုင်ပါသည်။ ကျွန်ုပ်သရုပ်ပြထားသည့်အတိုင်း မှန်ကန်စွာမတပ်ဆင်ပါက ပြဿနာများဖြစ်စေနိုင်ပါသည်□"

https://www.cdc.gov/coronavirus/2019-ncov/prevent-getting-sick/about-face-coverings.html



Indi

## ယုံကြည်စိတ်ချရသော COVID-19 ကာကွယ်ဆေး ကိရိယာ

*#LookingForward Campaign*

IOWA DDCouncil
Preparation, Participation, Power

ရုပ်ပိုင်းဆိုင်ရာ၊ သင်ယူမှု၊ ဘာသာစကား (သို့) အပြုအမူနယ်ပယ်များတွင်  (developmental disabilities) မသန်စွမ်းသူများသည် COVID-19 (ကိုရိုနာဗိုင်းရပ်) ကြောင့် ပြင်းထန်သောဖျားနာမှု ဖြစ်နိုင်ခြေ ပိုများသည်။ ဗိုင်းရပ်စ်နှင့် ကာကွယ်ဆေး အကြောင်း လူများကို အသိပညာပေးရာတွင် ကူညီရန်၊ Iowa Developmental Disabilities Council သည် Iowa မသန်စွမ်းသူများ ၎င်းတို့အတွက် အကောင်းဆုံး ဆုံးဖြတ်ချက်များချနိုင်စေမည့် သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို မျှဝေရန် လှုံ့ဆော်မှုတစ်ခု ပြုလုပ်ခဲ့သည်။ https://iowaddcouncil.org/looking-forward

## ကာကွယ်ဆေးမဖြစ်မနေထိုးရန် ဥပဒေပြဋ္ဌာန်းချက်အတွက် ကျန်းမာရေး စောင့်ရှောက်မှုဝန်ထမ်းများ၏ စစ်တမ်း

(စာမျက်နှာ ၁ မှ အဆက်)

**၅၄ % သည် ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို ဆန့်ကျင်ကြသော်လည်း ၄၉ % သည် ထိုဥပဒေပြဋ္ဌာန်းချက်များကြောင့် ဤနယ်ပယ်တွင် ဆက်လက်ရှိနေနိုင်ခြေ များခြင်း**

လွန်ခဲ့သည့်လအနည်းငယ်က၊ အိုင်အိုဝါသူနာပြုအသင်းနှင့် အိုင်အိုဝါပြည်သူ့ကျန်းမာရေး အသင်းတို့ ပူးပေါင်း၍ □□□□□□□□ ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ပတ်သက်ပြီးကျန်းမာရေးတိုက်ရိုက် စောင့်ရှောက်မှုလုပ်သားများ၊ သူနာပြုများနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၏အမြင်များကို စစ်တမ်းတစ်ခုပြုလုပ်ခဲ့သည်။ လူအများစုမှ မဖြစ်မနေလုပ်ဆောင်ရမည့် ဥပဒေပြဋ္ဌာန်းချက်များကြောင့် ယခင်ရှိပြီးသား ကျန်းမာရေးဝန်ထမ်းများနုတ်ထွက်ခြင်းနှင့် လုပ်သားရှားပါးမှုများ မြင့်မားစေနိုင်သည်ဟု ထင်မြင်ယူဆကြသည်။ စိတ်ဝင်စားစရာကောင်းသော တွေ့ရှိချက်တစ်ခုမှာ ၅၄ □ သည် ကာကွယ်ဆေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ဆန့်ကျင်ကြသော်လည်း ၄၉ □ သည် ထိုဥပဒေပြဋ္ဌာန်းချက်များ ကြောင့် ဤနယ်ပယ်တွင် ဆက်လက်ရှိနေရန် အလားအလာပိုများခြင်းဖြစ်သည်။      တစ်စု တစ်ယောက်သည် ကာကွယ်ဆေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်သည် နှင့် ၎င်းသည် ကာကွယ်ဆေးထိုးနှံရန်ကို ဆန့်ကျင်သည်ဟု တထစ်ချ ယူဆလို့မရကြောင်း ကျွန်ုပ်တို့အား အသိပေးခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏စစ်တမ်းသည် အဓိကသုတေသန လေ့လာမှုမဟုတ်သော်လည်း ဝန်ထမ်း ၃၁၈ ယောက်မှ စစ်တမ်းကိုဖြေဆိုထားခြင်းဖြစ်သဖြင့် ၎င်းသည် ယုံကြည်စိတ်ချရသည့်နမူနာ ဖြစ်ပါသည်။ ဤစစ်တမ်းမှ မရှိမဖြစ်လိုအပ်သောအလုပ်သမားများသည် ကာကွယ်ဆေး ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ မည်သို့ရှုမြင်ကြောင်းကို မယုံနိုင်လောက် အောင်သိမြင်စေနိုင်သော်လည်း၊ ထိုတွေ့ရှိချက်များကို ကျွန်ုပ်တို့ကောင်းမွန်စွာသိနားလည် နိုင်စေရန် သုတေသီတစ်ဦး၏ ထပ်မံရှာဖွေခြင်းဖြင့် ခွဲခြမ်းစိတ်ဖြာခြင်းများ လိုအပ်ပါ သည်။ စစ်တမ်းနှင့်ပတ်သက်သည့်မေးခွန်းများရှိပါက **information@iowacaregivers.org** တွင် ကျွန်ုပ်တို့ထံ ဆက်သွယ်နိုင်ပါသည်။

### စစ်တမ်းဖြေဆိုသူပေါင်း ၃၁၈ ဦးထံမှ အဓိက တွေ့ရှိချက်များ-

**စစ်တမ်းဖြေဆိုသူများသည် ဤအလုပ်နယ်ပယ်မှ ထွက်သွားမှာလား (သို့) ဆက်နေမှာလား။**

- ၄၆ % သည် COVID-19 ကြောင့် ဤအလုပ်နယ်ပယ်မှထွက်ခွာသွားသူများကို သိသည်။
- ၄၉ % သည် ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကြောင့် ဤအလုပ်နယ်ပယ် တွင် ဆက်လက်ရှိနေနိုင်ခြေပိုများသည်။
- ၁၈ % သည် ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကြောင့် ဤအလုပ်နယ်ပယ် မှထွက်ရန် အလားအလာရှိသည်။
- ၃၃ % သည် ၎င်းတို့အလုပ်နယ်ပယ်တွင် ဆက်လက်ရှိနေရန် မသေချာပါ။

**စစ်တမ်းဖြေဆိုသူများသည် ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို ထောက်ခံပါသလား (သို့) ဆန့်ကျင်ပါသလား။**

- ၅၄ % သည် ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို ဆန့်ကျင်သည်။
- ၃၅ % သည် ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို ထောက်ခံသည်။
- ၁၁ % သည် ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်အား ထောက်ခံခြင်း သို့မဟုတ် ဆန့်ကျင်ခြင်းရှိမရှိ မသေချာပါ။

**သင်ကိုယ်တိုင်ဖတ်ရှုပြီး ကိုယ်ပိုင်စိစစ်ချက် လုပ်ဆောင်ပါ□ ကာကွယ်ဆေးဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက် စစ်တမ်းကို https://tinyurl.com/3h8xrcm4 တွင် ဖတ်ရှုနိုင်ပါသည်။**

## ကျန်းမာရေးတိုက်ရိုက်စောင့်ရှောက်မှုပေးသည့်နယ်ပယ်မှ ၃၂ နှစ်ကြာပြီးမှ ကျွန်ုပ်ဘာကြောင့် ထွက်ခွာခဲ့သလဲ။



Fran Mancl

ကျန်းမာရေးတိုက်ရိုက်ပြုစုစောင့်ရှောက်ရေးအလုပ်နယ်ပယ်မှ ၃၂ နှစ်ကြာ လုပ်ဆောင်ပြီး ကျွန်ုပ်ထွက်ခွာခဲ့သည်။ ကျွန်ုပ်၏ဆုံးဖြတ်ချက်သည် ကျွန်ုပ်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေရသူများ၏ ဘေးကင်းမှုအတွက် စိုးရိမ်ကြောင့်ကမြွအပေါ် အခြေခံပါသည်။ COVID-19 သည် ကျွန်ုပ်၏လုပ်ငန်းခွင်သို့ ဝင်ရောက်လာပြီး စိုးရိမ်ကြောင့်ကျမှုများ စတင်ခဲ့သည် ကျွန်ုပ်ကိုယ်တိုင် ဗိုင်းရပ်စ်ကူးစက်ခံရနိုင်ခြေရှိခြင်း၊ မိသားစုနှင့် အတူ နေထိုင်သူများထံ ကူးစက်နိုင်စေခြင်း၊ ဝန်ထမ်းရှားပါးမှုနှင့် ကြောက်စရာ အကောင်းဆုံးမှာ ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များအားလုံး ကာကွယ်ဆေးထိုးနှံရန် ရွေးချယ်မခံခဲ့ရပါ။ ဝန်ထမ်းများ ရောဂါကူးစက်ခံရသည်ကို စစ်ဆေးတွေ့ရှိသည့်အခါ၊ သူတို့ကိုယ်စားအလုပ် ပိုမိုလုပ်ဆောင်ရပြီး ကျွန်ုပ်အလုပ်နားရက်တွင်ပင် ၁၂ နာရီ ကြာအလုပ်လုပ်ရပြီး နာတာ ရှည်ရောဂါသည်များအားကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် အလျင်စလို လုပ်ဆောင်ခဲ့ရပါသည်။ COVID ကြောင့် အလွန်ပင်ပန်းနွမ်းနယ်ခြင်း၊ ညဘက်ကောင်းစွာ အိပ်မပျော်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာပါ ပင်ပန်းနွမ်းနယ်မှုကို ခံစားခဲ့ရပါသည်။

## "ကျွန်မ ကာကွယ်ဆေးထိုးပြီးပါပြီ. လူတိုင်း ကာကွယ်ဆေးထိုးသင့်တယ်လို့ ထင်ပါတယ်။ … ကာကွယ်ဆေးထိုးဖို့ လူတွေရဲ့ ချီတုံချတုံဖြစ်မှုကိုလည်း နားလည်ပါတယ်"



□□□□□□□ □□□□□□□

ျနမကိုယ်တိုင်ကာကွယ်ဆေးနှင့် booster ထိုးနှံပြီး ခင်ပွန်းနဲ့ မခြေလည်း ကျွန်မနည်းတူ ထိုးနှံခဲ့ကြသည်။ ကျွန်မခင်ပွန်းနဲ့ ကျွန်မသည် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်သော် လည်း COVID ရောဂါကူးစက်ခံခဲ့ရပါသည်။ ကာကွယ်ဆေးသည် အခြေခံကျန်းမာရေးပြဿနာများရှိသည့် ကျွန်မခင်ပွန်းဖြစ်သူအား အလွန်နာမကျန်းဖြစ်နိုင်ခြင်းမှ ကာကွယ်ပေး သည်ဟု ကျွန်မ ယုံကြည်ပါသည်။ ကျွန်မမှာမူ ကျန်းမာရေးပြဿနာမရှိသော်လည်း အပြင်းဖျားနာခြင်း ခံစားခဲ့ရပါသည်။ COVID စစ်ဆေးချက်အရ ကျွန်မသည် ဆက်တိုက် negative ဖြစ်ခဲ့ပြီး ကျွန်မခင်ပွန်းမှာ positive ရလဒ် ရရှိခဲ့သည်။ သို့သော် အပြင်းထန်ဖျားနာခဲ့သူမှာ ကျွန်မဖြစ်ပါသည်။

နောက်ဆုံး တတိယအကြိမ် စစ်ဆေးမှုတွင် COVID ရောဂါပိုး တွေ့ရှိခဲ့သည်။ ကျွန်မ ပြန်လည်နလံထူနိုင်ရန် ခြောက်ပတ်အချိန်ကြာမြင့်ခဲ့သည့်အတွက်၊ အခြားလူများ ကာကွယ်ဆေးထိုးရန် တွန်းဆုတ်နေသည်ကို ကျွန်မနားလည်ပါသည်။ အခြားသဘောသူ များအား ကာကွယ်ဆေးကိုထိုးနှံစေလိုသော်လည်း မဖြစ်မနေ ကာကွယ်ဆေးထိုးရမည် ဆိုသည့် ဥပဒေပြဋ္ဌာန်းခြင်းအား သင့်လျော်သည်ဟု ကျွန်မ မထင်ပါ။ လူတိုင်းမိမိဘဝအတွက် မည်သည့်အရာသည်အကောင်းဆုံးဖြစ်သည်ကို ရွေးချယ်ပိုင်ခွင့်ရှိသင့်သည်ဟု ခံစားရပါသည်။

အချိန်ကြာလာသည်နှင့်အမျှ လူများသည် ကာကွယ်ဆေးထိုးခြင်း၏ အကျိုးကျေးဇူးများ ကို တွေ့မြင်ရပြီးနောက် ကိုယ်တိုင် ရွေးချယ်မှုပြုလုပ်ရန် မျှော်လင့်ပါသည်။ ဤကာကွယ် ဆေးနှင့်ပတ်သက်ပြီးအသိပေးလှုံ့ဆော်မှုများ လူတိုင်းအတွက် ဆက်လက်လုပ်ဆောင် ခြင်းဖြင့် ၎င်းတို့ကိုယ်တိုင်၊ မိမိတို့မိသားစုနှင့် မိမိတို့၏အသိုင်းအဝိုင်းအတွက် မှန်ကန် သော အကောင်းဆုံး ဆုံးဖြတ်ချက်ချကို ချနိုင်မည်ဟု ကျွန်မယုံကြည်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူတစ်ယောက်ဖြစ်သည့် ကျွန်မကိုယ်တိုင်သင်ယူနေဆဲ ဖြစ်ပြီး ဤကာကွယ်ဆေးနှင့် ဗိုင်းရပ်စ်အကြောင်း ဆက်လက်လေ့လာလိုပါသည်၊ အကြောင်းမှာ ကျွန်မကိုယ်ကျွန်မ၊ ကျွန်မမိသားစုနှင့် ကျွန်မ ပြုစုစောင့်ရှောက်နေရသူများ ကို ကာကွယ်နိုင်ရန်လိုအပ်သောကြောင့်ဖြစ်သည်။ ကျွန်မသည် လူများအပေါ်တွင် ကျွန်မ ၏ယုံကြည်ချက် သို့ ထင်မြင်ချက်ကို တွန်းအားပေးရန် ပုဂ္ဂိုလ်ရေးအရ ဂရုမစိုက်သော် လည်း၊ ဗိုင်းရပ်စ်နှင့် ကာကွယ်ဆေးဆိုင်ရာ သတင်းအချက်အလက် အမှန်များကို အသိ ပေးရန် ကျွန်မ၏အလုပ်ရှင်မှ ဖန်တီးထားသည့် လက်ကမ်းစာစောင်ကို ဆက်လက်၍ ပေးပါမည်။ ဤသို့လုပ်ဆောင်ရခြင်းမှာ အခြားသူများ ကာကွယ်ဆေးထိုးနှံရန် ဆုံးဖြတ် ချက်ချရန် စဉ်းစားသည့်အခါတွင် ထိုသတင်းအချက်အလက်များသည် ပိုမိုကောင်းမွန်စွာ အသိပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။







## WEST RIDGE စောင့်ရှောက်မှုစင်တာသည် စင်တာတွင်နေထိုင်သူများနှင့် ဝန်ထမ်းများအား ကာကွယ်ဆေး ၁၀၀ % ထိုးနှံနိုင်ခဲ့သည်

**အဖွဲ့တစ်ခုအနေနှင့် စစ်ပွဲကိုအတူတကွ ဖြတ်သန်းခဲ့ကြတယ်...ငိုယို...ရယ်မောခဲ့ကပြီမေယ့် အခုချိန်မှာတော့ အခြားတစ်ဖက် ကလည်း အားကောင်းလာပါတယ်။ but now emerging through the other side stronger.**



***Richard Curphey**, Administrator*
*West Ridge Care Center*



***Crystal Anthes**, Human Resource Manager*
*West Ridge Care Center*



***Katie Candia**, Director of Nursing*
*West Ridge Care Center*

ဖက်ဒရယ်အစိုးရမှ ၎င်းတို့၏ကျန်းမာရေးစောင့်ရှောက်မှုပေးသူဝန်ထမ်းများကို ကာကွယ်ဆေး မဖြစ်မနေထိုးရန် အမိန့်မထုတ်ပြန်မီကပင် West Ridge Care Center ရှိ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲ ရေးသည် COVID-19 ကာကွယ်ဆေးဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက် အကောင်အထည်ဖော်ရန် ခက်ခဲ သောဆုံးဖြတ်ချက်ကိုချခဲ့သည်။ ထိုဥပဒေကိုပြဋ္ဌာန်းခဲ့ရာ တွင် စိန်ခေါ်မှုများနှင့် သင်ခန်းစာများမရှိ ဘဲ လုပ်ဆောင်ခဲ့ခြင်းမဟုတ်ပါ၊ ခိုင်မာသောစီမံ ချက်နှင့် ကတိကဝတ်များဖြင့် စင်တာတွင်နေထိုင်သူများနှင့် ဝန်ထမ်းများအတွက် ၁၀၀ % ကာကွယ်ဆေးထိုးနှုန်းကို ရရှိခဲ့ပါသည်။ အကျယ်တဝင့် အင်တာဗျူးကို ဤနေရာတွင် ဖတ်ရှုပါ။

**မေးခွန်း-** COVID-19 ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်၏ အငြင်းပွားမှုများနှင့်ပတ်သက်၍ ကာကွယ်ဆေးမဖြစ်မနေထိုးရန် ဆုံးဖြတ်ချက်ချရာတွင် သင်မည်သည့်လုပ်ငန်းစဉ်ကို ဖြတ်သန်းခဲ့ သနည်း။

**West Ridge:** ပထမဦးစွာ၊ ဥပဒေဘောင်အတွင်းမှ ကာကွယ်ဆေးမဖြစ်မနေထိုးရန် မည်သို့လုပ်ဆောင် ရမည်ကို စစ်ဆေးခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လက်စွဲစာအုပ်တွင် COVID -19 ကာကွယ်ဆေးထိုးရန် လိုအပ်သည့် လုံလောက်သောသတိပေးချက်များကို ထည့်သွင်း ပြီး ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်မှစတင်၍ ဝန်ထမ်းများအား ပေးခဲ့ပါသည်။ ကာကွယ်ဆေး အပြည့်အစုံထိုးရန် မတ်လ အထိ အချိန်ပေးခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မတ်လ (တစ်နှစ်အကြာ) တွင် West Ridge ဝန်ထမ်းများနှင့် စင်တာတွင်နေထိုင်သူများအား ကာကွယ်ဆေး ၁၀၀ % ထိုးနှံပေးပြီးဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးမှုများစွာကျင်းပ ပေးခဲ့ပြီး ကာကွယ်ဆေး၏အရေးပါပုံကို ဝန်ထမ်း များအားလုံးကို အသိပညာပေးခဲ့ရုံမက၊ ဝန်ထမ်းများအား အမေး၊အဖြေပုံစံ (Q&A) ပုံစံဖြင့် အသိပညာပေးနိုင်ရန် တိုင်းရင်းသား လူမျိုးဆရာဝန်အသီးသီးမှ လာရောက်သင်ကြားခဲ့ပါသည်။


**မေးခွန်း-** ကာကွယ်ဆေးမဖြစ်မနေထိုးနှံရန် အကောင်အထည်ဖော်ခြင်းမပြုမီတွင် COVID ရောဂါ ကူးစက်မှု ဖြစ်ပွားခဲ့ပါသလား။

**West Ridge:** ဟုတ်ကဲ့၊ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက် တွင်ဖြစ်ပွားခဲ့သည်။

**မေးခွန်း-** COVID-19 ကပ်ရောဂါကာလအတွင်း အကြီးမားဆုံးစိန်ခေါ်မှုက ဘာလဲ။

**West Ridge:** ဝန်ထမ်းများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရန်နှင့် စိတ်ဖိစီးမှုများကိုလျော့ကျစေရန်။ ရောဂါ ကူးစက်ခံရသူများ သွားရောက်ကူညီနိုင်ရန် သူနာပြုများနှင့် လက်ထောက်များ၏ သွားရေး၊လာရေး အဆင် ပြေစေရန် လုပ်ဆောင်ရသည်မှာ အလွန်ခက်ခဲပါသည်။ ထိုသို့သောအချိန်များတွင် ကုန်ကျစရိတ်အလွန်များ သောကြောင့် မိသားစုများအတွက် ကုန်ကျ စရိတ်အချို့ကို ကူညီရန်အတွက် ကျွန်ုပ်တို့ဝန်ထမ်းများ၏အိမ် များသို့ covid boxes များကို ပို့ပေးခဲ့ပါသည်။ ထိုသေတ္တာများတွင် ဟင်းချို၊ Gatorade၊ sprite၊ crackers၊ ချစ်ပ်များ၊ လတ်ဆတ်သော စည်သွတ်သီးများ၊ တစ်နေ့စာ အစားအသောက်များ၊ ပေါင်မုန့်၊ မခြေပဲ၊ ထောပတ်တို့ ပါဝင်ပါသည်။

**မေးခွန်း-** တွေ့ရသလောက် သင်၌ COVID-19 မော်ဒယ် အစီအစဉ်တစ်ခု ရှိပုံရပါသည်။ Medicare နှင့် Medicaid Services (CMS) သို့မဟုတ် ပြည်နယ်မှ အစီအစဉ်တစ်ခုရှိရန် ညွှန်ကြားထား ပါသလား။ ဒါမှမဟုတ် စီမံခန့်ခွဲမှုကောင်းခဲ့တာလား။



Katie Tenney

> "အားလုံးက စင်တာမှာနေထိုင်သူတွေအပေါ်မူတည်ပါတယ်။ ဗိုင်းရပ်စ်ကို ဘယ်သူမဆို သယ်ဆောင်လာနိုင်တယ်ဆိုတော့ အဲဒါတွေကို ကာကွယ်ဖို့ လုပ်နိုင်တာက အဓိကပဲ။"
>
> — ***Katie Tenney**, Certified Nursing Assistant*

**West Ridge:** ကျွန်ုပ်တို့သည် ကော်ပိုရေးရှင်းမဟုတ်သောကြောင့် ကျွန်ုပ်တို့တွင် လက်ဆင့်ကမ်းရန်မူဝါဒ များမရှိပါ။ စုံစမ်းမေးမြန်းမှုများကို နားထောင်ပြီးနောက် ကျွန်ုပ်တို့သည် အပတ်စဉ်တွေ့ဆုံကပြီး အဆောက်အဦးနှင့် အံဝင်ခွင်ကျဖြစ်သော ကျွန်ုပ်တို့၏ ကိုယ်ပိုင်မူဝါဒများကို ပုံဖော်ပါ သည်။

**မေးခွန်း-** စင်တာတွင်နေထိုင်သူများနှင့် ဝန်ထမ်းများ၏ ကာကွယ်ဆေးထိုးသည့်နှုန်း ၁၀၀ % ကို ရရှိခြင်းသည် အံ့သဖွယ်ကောင်းသော လုပ်ဆောင်မှုတစ်ခု ဖြစ်သည်။ မျှဝေသင့်သည့်အတွေ့အကြုံတစ်ခုဖြစ်ပါသည်။ ဤအောင်မြင်မှုရရှိခြင်းမှာ ဘာကြောင့်လို့ ယူဆပါသလဲ။

**West Ridge:** ကျွန်တော်တို့၏ဝန်ထမ်းများကြောင့်ဖြစ်ပါသည်။ စင်တာတွင်နေထိုင်သူများအပေါ် ထားရှိ သည့် ဝန်ထမ်းများ၏ စေတနာ၊ ကတိကဝတ်များနှင့်ချစ်ခြင်းမေတ္တာသည် ၎င်းတို့အား ဘေးကင်းစေရန် တွန်းအားပေးခဲ့သည်။ ဝန်ထမ်းများ ကခြောက်ရှိလာသည့်အခါ တာဝန်ချိန် အပြောင်းအလဲချိန်တိုင်းတွင် တံခါးဖွင့်ဝါဒနှင့် အသိပညာပေးခဲ့ပါသည်။

**မေးခွန်း-** ကပ်ရောဂါစတင်ဖြစ်ပွားချိန်တွင် ကာကွယ်ရေးအစီအစဉ်ကို မည်မျှ စောစီးစွာ စတင် ရေးဆွဲခဲ့ပါလဲ။ အစီအစဉ်၏မည်သည့် အစိတ်အပိုင်းက သင့်ကို အောင်မြင်စေသလဲ။

**West Ridge:** ကာကွယ်ဆေးရသည်နှင့်တစ်ပြိုင်နက် ကာကွယ်ဆေးမဖြစ်မနေထိုးနှံပေးမည် ဖြစ်ကြောင်း စီမံခန့်ခွဲရေးမှ စီစဉ်ထားပါသည်။

အစောပိုင်းကတည်းက ဆုံးဖြတ်ချက်ချခဲ့ပြီး ဝန်ထမ်းများအား အသိပညာရေးအတွက် အချိန်အများကြီးပေးခဲ့ပါသည်။ ဤစီစဉ်မှု ကျွန်ုပ်တို့ သည် မျှော်လင့်ချက်ရှာတွေ့နိုင်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံပေးသည့် ဆေးခန်းတစ်ခုစီအား ဂုဏ်ယူ စရာနေရာများအနေဖြင့်လုပ်ဆောင်နိုင်ခဲ့ပါသည်။ ကာကွယ်ဆေး၏ဘေးထွက်ဆိုးကျိုးကြောင့် ဖြစ်ပေါ်လာသည့်လက္ခဏာများရှိပါက ဝန်ထမ်းများအား ဂုဏ်ပြုပြီးအားလပ်ရက်အချိန်ပေးပါသည်။

**မေးခွန်း-** ကာကွယ်ဆေးဆိုင်ရာဥပဒေပြဋ္ဌာန်းပြီးနောက် ဝန်ထမ်းများကို ဆုံးရှုံးခဲ့ရပါသလား။


**West Ridge:** ဝန်ထမ်း အယောက် ၁၁၀ တွင် မတူညီသောအလုပ်အကိုင်နှစ်ခုကို ရှာတွေ့ခဲ့သည်။ ကင်းလွတ် ခွင့်ပုဖြားသော်လည်း လက်မှတ်ထိုးရန် ဆန္ဒရှိသည့် ဆရာဝန်ကို ရှာမတွေ့နိုင်ပေ။


**မေးခွန်း-** လုံခုံတြဲ့အလုပ်ပတ်ဝန်းကျင် မရှိမှာကိုစိုးရိမ်သောကြောင့် ကာကွယ်ဆေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း မတိုင်မီ ဝန်ထမ်းများ ထွက်သွားဖူးပါသလား။

**West Ridge:** ဝန်ထမ်းနှစ်ဦးသည် ၎င်းတို့၏မိသားစုများထံ COVID ကူးစက်ရောဂါ သယ်ဆောင်လာမည် ကို စိုးရိမ်သောကြောင့် ၂၀၂၀ ခုနှစ်တွင် ဘိုးဘွားရိပ်သာ မဟုတ်သည့်ပတ်ဝန်းကျင်တွင် အလုပ်အကိုင် ရှာဖွေရန် ဆုံးဖြတ်ခဲ့သည်။ ကျွန်ုပ်တို့တွင် သက်ကြီးရွယ်အိုမိဘရှိသူဝန်ထမ်းများ၊ ခုခံအားကျဆင်းမှုရောဂါရှိသော ကလေးများရှိသူဝန်ထမ်းများ □သို့□ ၎င်းတို့၏ကိုယ်ပိုင်ကျန်းမာရေးမှတ်တမ်းများကြောင့် စိတ်ပူပင် သောကရောက်နေသောဝန်ထမ်းများရှိသည်။

**မေးခွန်း-** သင့်ဝန်ထမ်းများနှင့် စင်တာတွင်နေထိုင်သူများ/မိသားစုဝင်များမှ ဖော်ပြသော ကာကွယ်ဆေးများနှင့်ပတ်သက်၍ အကြီးမြားဆုံးစိုးရိမ်မှုအချို့မှာ အဘယ်နည်း။ ထိုစိုးရိမ်မှုများကို ဘယ်လိုဖြေရှင်း ခဲ့သလဲ။

**West Ridge:** မျိုးမပွားနိုင်ခြင်း၊ ကာကွယ်ဆေးစမ်းသပ်ရန် အချိန်မလုံလောက်ခြင်း၊ ဘေးထွက်ဆိုးကျိုး များစသည်တို့မှာ ဝန်ထမ်းများ၏အကြီးမြားဆုံးစိုးရိမ်ပူပန်မှုများဖြစ်ပါသည်၊ သမားတော် နှစ်ဦး၏ အမေး အဖြေကဏ္ဍများကို ပုံဖော်ပေးခြင်းဖြင့် စိုးရိမ်မှုများအားလုံးကို ကျွန်ုပ်တို့ ဖြေရှင်းပေးခဲ့ပါသည်။








Jill Hines

“ကျွန်မအတွက်ကာကွယ်ဆေးရရှိချိန်တွင် ကျွန်မမှာ ကိုယ်ဝန် ၃ လလောက်ရှိပါပြီ။ ဒါဟာ ပေါ့ပေါ့တန်တန် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ခုမဟုတ်ပါ။ ကျွန်မအိမ်နဲ့ ကျွန်မ၏အလုပ်မိသားစုကို ကာကွယ်ဖို့ အကောင်းဆုံးဆိုတာ သိထားလို့ နောက်ဆုံးမှာ ကာကွယ်ဆေးထိုးဖို့ ဆုံးဖြတ်လိုက်တယ်။”

— ***Jill Hines**, RN, MDS Coordinator, and Children*





**မေးခွန်း-** သင်၏ COVID-19 အစီအစဉ် ဖွံ့ဖြိုးတိုးတက်ရေးတွင် သင့်ဝန်ထမ်းများ စိတ်ဝင်စားမှု ရှိအောင် မည်သို့ပုံဖော်ခဲ့သနည်း။

**West Ridge:** အပတ်စဉ် COVID ပံ့ပိုးကူညီမှု အစည်းအဝေးများပုံဖော်ပေးခြင်း၊ ဝန်ထမ်းများ၌ မည်သည့်စိုးရိမ်မှုများရှိသနည်း၊ ညဘက်အိပ်မပျော်စေသည့် အကြောင်းအရာများနှင့် အိမ်၏ လိုအပ်သည်များကို မေးမြန်းပေးခြင်း။ ကပ်ရောဂါ၏ပထမနှစ်တွင် ဝန်ထမ်းအချို့ သည် နေ့ ကလေးထိန်းအတွက် အကူအညီ လိုအပ်သောကြောင့် အချို့အတွက်ကလေးထိန်းကို ရှာဖွေပေး နိုင်ခဲ့ပြီး အချို့သော သူများ အတွက် ၎င်းတို့၏အချိန်ဇယားများကို ချိန်ညှိထားပေး ပါသည်။ အဖွဲ့ တစ်ခုအနေနှင့် စစ်ပွဲကိုအတူတကွ ဖြတ်သန်းခဲ့ကြတယ်… ငိုယို…ရယ်မောခဲ့ကြပေမယ့် အခုချိန်မှာတော့ အခြေတစ်ဖက်ကလည်း အားကောင်းလာပါတယ်။

**မေးခွန်း-** ကာကွယ်ဆေးထိုးနှံစေရန် မက်လုံးများ ပေးခဲ့သလား။ ပေးခဲ့ပါက ဘာ မက်လုံးတွေ ကို ပေးခဲ့သလဲ။

**West Ridge:** ဘာမက်လုံးမှမပေးခဲ့ပါဘူး - ဒသေခံတွေကို ချစ်တဲ့စိတ်က မောင်းနှင်တာပါ။

**မေးခွန်း-** သင့်ဝန်ထမ်းများ၊ စင်တာတွင်နေထိုင်သူများနှင့် မိသားစုဝင်များအား COVID နှင့် ပတ်သက်သည့် အသိပညာပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်း အတွက် မည်ကဲ့သို့ ပံ့ပိုး ပေးခဲ့သနည်း။

**West Ridge:** အပတ်စဉ် COVID ပံ့ပိုးကူညီရေးအဖွဲ့များ၊ အိုင်အိုဝါကျန်းမာရေး စောင့်ရှောက်မှု အသင်း (IHCA)၊ CMS အပတ်စဉ် သတင်းအချက်အလက်မျှဝေရန် ဖုန်းခေါ်ဆိုမှုများ။ ရောဂါ ထိန်းချုပ် ရေးစင်တာ (CDC)၊ အိုင်အိုဝါပြည်သူ့ကျန်းမာရေးဌာန (IDPH) များ၏ ညွှန်ကြား ချက်များကို ကျွန်ုပ်တို့လိုက်နာပါသည်။ ဒေသတွင်း ကောင်တီပြည်သူ့ကျန်းမာရေး (LCPH) နှင့်ဆေးရုံ တို့သည် လစဉ် ဖုန်းခေါ်ဆိုမှုများ ပုံဖော်ရန် ပံ့ပိုးကူညီပေးပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ မိသားစုများ၊ စင်တာတွင်နေထိုင်သူများထံသို့ zoom ဖြင့် တွေ့ဆုံပေးခြင်း၊ ဖုန်းခေါ်ဆိုခြင်း၊ အီးမေးလ်များ၊ အစည်းအဝေးများနှင့် စာစောင်များမှ တစ်ဆင့် သတင်းအချက်အလက်များကို ထပ်ဆင့်မျှဝေပေးပါသည်။

**မေးခွန်း-** COVID နှင့်ပတ်သက်ပြီးမည်သည့်သတင်းအရင်းအမြစ်က သင့် ဝန်ထမ်းများအတွက် ယုံကြည်စိတ်ချရပါသလဲ။

**West Ridge:** အိုင်အိုဝါကျန်းမာရေးစောင့်ရှောက်မှုအသင်း (IHCA) နှင့် ကျွန်ုပ်တို့၏ကုန်သွယ်မှု အသင်းအဖွဲ့သည် ကျွန်ုပ်တို့၏ပြည်နယ်နှင့် နိုင်ငံတစ်ဝှမ်း အတွက် လိုက်နာရန်အကောင်းဆုံး နောက်ဆုံးရသတင်းအချက်အလက်များ အတွက် ကြီးမြားသောအကူအညီတစ်ခုဖြစ်ခဲ့သည်။ ဖုန်းခေါ်ဆိုမှုများ/ zooms ခေါ်ဆိုမှုများသည် လစဉ် ဆက်လက်လုပ်ဆောင်နေပေါ်သည်။

**မေးခွန်း-** ပတ်ဝန်းကျင်၏ဖိအားသည် နှစ်ဦးနှစ်ဖက်၏ဆုံးဖြတ်ချက်အတွက် ကိုင်တွယ်ဖြေရှင်းရန် ကြီးမြားသောအချက်ဖြစ်သည်ဟု သင်ထင်ပါသလား။

**West Ridge:** ကာကွယ်ဆေးထိုးရန် ဝန်ထမ်းများနှင့် စင်တာတွင်နေထိုင်သူများ၏ ဆုံးဖြတ်ချက်ချရာ တွင်အချင်းချင်းဆက်ဆံရေးသည်အကြောင်းရင်းတစ်ခု ဖြစ်သည်ဟုကျွန်ုပ်တို့ခံစားရသည်။ West Ridge တွင် တည်ဆောက်ထားသော ကျွန်ုပ်တို့၏ဆက်ဆံရေးသည် ကျွန်ုပ်တို့ လုပ်ဆောင်မှု အလေ့အထများ၏ တွန်းအားဖြစ်ခဲ့သည်။ ပတ်ဝန်းကျင်၏ဖိအားမဟုတ်ဘဲ အချင်းချင်းယုံကြည် မှုရှိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

**မေးခွန်း-** သင့်ဝန်ထမ်းများအတွက် လုံခုံသြာအလုပ်ပတ်ဝန်းကျင်သည် မည်မျှ အရေးကြီးသနည်း။

**West Ridge:** ဝန်ထမ်းများနှင့် စင်တာတွင်နေထိုင်သူများအတွက် လုံခုံရြေးသည် နံပါတ် ၁ ဖြစ်သည်။

**မေးခွန်း-** အချို့သော အလုပ်သမားများသည် အခြားသူများထက် ချီတုံချတုံ ဖြစ်နေပါသလား (CNAs vs Nurses vs Dietary vs Administration)။


**West Ridge:** ဝန်ထမ်းများသည် ၎င်းတို့နှင့် ၎င်းတို့ချစ်ရသူများအတွက် ကခြောက်ရှိခဲ့ကြသော် လည်း လုပ်ငန်းစဉ်များနှင့်အတူ ဝန်ထမ်းများအားလုံး ကာကွယ်ဆေးထိုးရန် ဆုံးဖြတ်ချက်ချရာ တွင် သက်တောင့်သက်သာရှိစေရန် ကျွန်ုပ်တို့ လုပ်ဆောင်ပေးပါသည်။ ဟုတ်ပါတယ်၊ ကျွန်ုပ်တို့ ရဲ့ အစားအသောက်ဌာနက ပိုမိုစိုးရိမ်ကြပါသည်။ ဤစိုးရိမ်မှုအချို့မှာ ၎င်းဌာနတွင် ငယ်ရွယ် သော ဝန်ထမ်းလူဦးရေ ပိုများခြင်းကြောင့်ဖြစ်နိုင်ပါသည်။

**မေးခွန်း-** အိုင်အိုဝါရှိ အခြားသော ဘိုးဘွားရိပ်သာ ဝန်ဆောင်မှုပေးသူများ အတွက် ကာကွယ်ဆေး ဆိုင်ရာဥပဒေများနှင့်(သို့) ၎င်းတို့၏ စောင့်ရှောက်မှုနှင့် ဝန်ထမ်းများထံ အပ်နှင်းထားသူ များအား ကာကွယ်ရနိုင်ရန်အတွက် သင် ပေးနိုင်သည့် တန်ဖိုးအရှိဆုံး အကြံဉာဏ်မှာ အဘယ်နည်း။

**West Ridge:** ပညာရေး၊ အာမခံချက်နှင့် သိပ္ပံပညာကို ယုံကြည်ရန် လိုအပ်သည်။ ကာကွယ်ဆေးထိုး လိုစိတ်ရှိရန်အတွက် ဒိုမီနိုအကျိုးသက်ရောက်မှုကို ဖန်တီးနိုင်ခဲ့သည်။ သက်ကြီးရွယ်အိုများကို ဦးစားပေး အကာအကွယ်ပေးခြင်းသည် ဤလုပ်ငန်းနယ်ပယ်တွင် အလုပ်လုပ်ရာတွင် ကျွန်ုပ်တို့လုပ်ဆောင်ရမည့် အရာအဖြစ် ယုံကြည်ထားပါသည်။

**မေးခွန်း-** Medicare စင်တာများ နှင့် Medicaid ဝန်ဆောင်မှုများ (CMS) မှ Medicare နှင့် Medicaid လက်မှတ်ရ ပံ့ပိုးပေးသူအားလုံးအတွက် ကာကွယ်ဆေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်း ချက်များကို ကြေညာသည့်အခါတွင် သင့်အစီအစဉ်ကို ပုံပြင် ပြောင်းလဲခဲ့ရပါသလား။

**West Ridge:** CMS လမ်းညွှန်မှုကြောင့်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများ သည် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတွင် ဆက်လက်လုပ်ကိုင်ရန် ရွေးချယ်ပါက ၎င်းတို့သည် ကာကွယ်ဆေးထိုးရမည် ဖြစ်ကြောင်း နားလည်လာသောကြောင့် လုပ်ငန်းစဉ် စတင် ဆောင်ရွက်ရာတွင် လွယ်ကူစေခဲ့ ပါသည်။



**မေးခွန်း-** ၁၀၀ % ကာကွယ်ဆေးထိုးနှုန်း ကို ထိန်းထားရန် မည်သည့်အစီအစဉ်ရှိပါသလဲ။


**West Ridge:** ကျွန်ုပ်တို့၏ ကနဦးကမ်ပိန်းကို တွန်းအားပေးခဲ့သည့် တူညီသော လုပ်ငန်းစဉ်အားဖြင့် ကျွန်ုပ် တို့၏သက်ကြီးရွယ်အိုများကို ဆက်လက်ကာကွယ်ရန် ရည်ရွယ်ထားပါသည်။ သိပ္ပံပညာကို ယုံကြည်ရန်၊ အသိပညာပေးရန်နှင့် လူများ၏စိုးရိမ်ပူပန်စိတ်များကို လေ့လာရန်အချိန်ယူရင်း အချင်းချင်းပံ့ပိုးပေးခြင်းဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်လုပ်ဆောင်နေသွားပါမည်။

**မေးခွန်း-** နောက်ဆုံးမှာ ဒါက မှန်ကန်တဲ့ ဆုံးဖြတ်ချက်ဖြစ်ခဲ့ပါသလား။

**West Ridge:** ဟုတ်ကဲ့၊ ကျွန်ုပ်တို့ ၁၀၀ % ကာကွယ်ဆေးထိုးပြီးကတည်းက၊ ဝန်ထမ်းများနှင့် စင်တာတွင် နေထိုင်သူများ COVID ရောဂါကူးစက်ခံရခြင်းကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ခဲ့ရသည်။ သို့သော်၊ ရောဂါလက္ခဏာ များ ပိုမိုပျော့ပျောင်းခြင်း၊ နာမကျန်းမှုကာလတိုခြင်းနှင့် အရေးအကြီးဆုံးမှာ နာမကျန်းဖြစ် သော်လည်း အသက်ဆုံးရှုံးမှုမရှိခြင်းစသည်ဖြင့် ကွဲပြားမှုများ တွေ့ရှိရပါသည်။ … ကျွန်ုပ်တို့၏ဝန်ထမ်းများ အတွက် COVID-19 ကာကွယ်ဆေးကို မဖြစ်မနေထိုးပေးရန် ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်ကို ခိုင်မာစေခဲ့ပါ သည်။ ၎င်းသည် အမှန်တကယ် အသက်ကို ကယ်တင်နိုင်ခဲ့သည့်အတွက် ကျွန်ုပ်တို့၏ နံပါတ် #၁ ဦးစားပေး ဖြစ်ခဲ့ပါသည်။

**မိမိတို့၏ အောင်မြင်မှုအတွေ့အကြုံများကို မျှဝေပေးခဲ့သည့်အတွက် West Ridge Care Center အား ကျေးဇူး တင်ရှိပြီး၎င်းတို့၏ အောင်မြင်မှုအတွက် ဂုဏ်ယူပါသည်။ West Ridge Care Center သည် Iowaၢ Cedar Rapids ရှိ ကုတင် ၅၈ ဆံ့ အဆောက်အအုံတစ်ခုဖြစ်သည်။ ၎င်းတို့ ပေးသော ဝန်ဆောင်မှုများတွင် ရေရှည် စောင့်ရှောက်မှု၊ ကျွမ်းကျင်သော သူနာပြုဌာန၊ အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးခြင်း၊ မှတ်ဉာဏ်ပြဿနာ ရှိသူများအား ရေရှည်အထူးကပြုမတ်ကုသပေးခြင်းနှင့် ရတော့ကာလပြန်လည်ထူထောင်ခြင်းတို့ ပါဝင်သည်။ https://westridgecarecenter.com/**

# COVID-19 နှင့် ကာကွယ်ဆေးများ နှင့်ပတ်သက်၍ အင်္ဂလိပ်စကားပခြာမဟုတ်သော လူတစ်ဦးချင်းစီနှင့် ဆက်သွယ်ရာတွင် အချိန်ယူ၍ စကားပြန်များကို အသုံးပပြ



Brittany သည် လိုင်စင်ရ သူနာပုမြဖစ်လာမီ၊ လက်မှတ်ရ သူနာပုပြုက်ထောက် (LPN) အဖြစ် ဆယ့်ငါးနှစ်ကဉ်လုပ်ကိုင်ခဲ့ပီးမြှတ်ပုံတင်ရ သူနာပုပြုတ်စ်ဦးဖြစ်လာရန် သူမ၏ ကျောင်းပညာရေးကို ဆက်လက်သင်ယူနသေည်။ သူမ၏အတိတ်နှင့် လက်ရှိလုပ်ငန်း အတွေ့အကြုံမြား တွင် သူမသည် အင်္ဂလိပ်စကား ပခြာမဟုတ်သော လူနာများ သို့မဟုတ် စင်တာတွင် နထေိုင်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရင်း သင်ခန်းစာအတွေ့အကြုံမြား ရယူခဲ့သည်။

***Brittany Steffens**, LPN*

**မေးခွန်း-** CNA ဟောင်းတစ်ဦးဖြစ်ရုံမက ယခုအခါ မတူညီသောယဉ်ကျေးမှုများစွာရှိသူများနှင့် လက်တွဲလုပ်ဆောင်ခဲ့သည့် သူနာပုပြုတ်စ်ဦး အနဖေြ့်၊ ၎င်းတို့သည် COVID-19 ကာကွယ်ဆေးထိုးနှံရန် ချီတုံချတုံဖြစ်နကေပြါသလား။ ထိုသို့ ဖြစ်နပေါက ဘာကခြာင့် ဖြစ်ရသလဲ။

**Brittany:** မတူညီသောယဉ်ကျေးမှုရှိသူများထံ COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သည့် အချက်အလက်များ ရရှိနိုင်ရန် အခက်အခဲများ ကုံတွေ့နေရပေါသည်။ ကာကွယ်ဆေး ထိုးခြင်းနှင့်ပတ်သက်သည့်မေးခွန်းများစွာအတွက် သော်လည်းကောင်း၊ သူတို့တွင် ရှိနိုင်သည့်စိုးရိမ်မှု များကို ဖြေရှင်းပေးနိုင်ရန် စကားပြန်၏အကူအညီနှင့် လူနာများ နားလည်သဘောပေါက်စေရန် ကျွန်မအချိန်များစွာ ယူခဲ့ ရပါသည်။ မတူညီ သော ယဉ်ကျေးမှုများမှ လူများစွာသည် အရင်းအမြစ်များကို မသိကခြင်း □သို့□ ၎င်းတို့နားလည်သည့်ဘာသာစကားဖြင့် သတင်းအချက်အလက်များကို မရရှိသောကခြာင့် ထိုအကခြာင်းများကိုမသိရှိကရြပါ။

> **လေးထောင့်ကွက်မှ□ တော်တော်များများက ဒီနိုင်ငံမှာနေနိုင်ဖို့ အများကြီး ကျော်ဖြတ်ပြီးပါမြို ကျန်းမာရေး စောင့်ရှောက်မှုက သင့်အတွက် အတားအဆီး မဖြစ်ပါစနေ့။**

**မေးခွန်း-** COVID ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်၍ အင်္ဂလိပ်စကားပခြာ မဟုတ်သူများ၏ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးရာတွင် ၎င်းတို့နှင့်အလုပ်လုပ်ဖူးသည့် အတွေ့အကြုံမြရှိသေးသူများအား မည်သို့အကြံပြုလိုပါသလဲ။

**Brittany:** ကျွန်မတွေ့ကြုံခဲ့ရသည့် ဝန်ထမ်းရှားပါးမှုပြဿနာနှင့်ပတ်သက်ပြီးသတိပုရြန် အရေးကြီးဆုံးအချက်မှာ နားထောင်ရန် အချိန်ပိုယူရပြီး၊ စကားပြန်ကို အသုံးပြု ရခြင်းဖြစ်သည်။ ကျွန်မတို့၏လူနာအချို့ သည် စကားပြန်အတွက် ပေးရသည့်အခကြေးငွေများကခြာင့် စကားပြန်ကိုအသုံးမပကြုပြါ။ ထို့ကခြာင့် စကားပြန်အသုံးပုရြန် အရေးကြီးကခြာင်း၊ သို့မှသာ ၎င်းတို့၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့်ပတ်သက် သည့် အရာအားလုံးကို နားလည်ပြီး၊ သူတို့ပခြာပလြိုသည့် အကခြာင်းများကို ကျွန်မ နားလည်နိုင်မည်ဖြစ်ကခြာင်း သူနာပုပြုတ်စ်ဦးအနဖေြ့် ရှင်းပပြေးရပါသည်။ COVID-19 ရောဂါကူးစက်ခံရရန်နှင့် ကာကွယ်ဆေး ထိုးနှံရန် သူတို့မည်မျှကခြာက်ရွံ နမေည်ကို စိတ်ကူးကည့််ပါ။ သင် □သို့□ သင် ချစ်ရသူတစ်ဦးသည် COVID ကခြာင့် အလွန်နာမကျန်းဖြစ်နပေပြီး၊ ထိုအချိန်၌ ဆေးရုံ၊ ဆေးခန်း □သို့□ ရေရှည်စောင့်ရှောက်မှု စင်တာမှ သင်နှင့် သင်ချစ်ရသူအား ဖြစ်ပျက်သည့်အကခြာင်းအရာ□လုပ်ဆောင်ရမည့် အရာများ ရှင်းပပြေးခြင်းကို သင်နားမလည်နိုင်သည်ကို မငြေယောင်ကည့််ပါ။

**မေးခွန်း-** COVID-19 ကာကွယ်ဆေးများနှင့်ပတ်သက်၍ အင်္ဂလိပ်စကားနားလည်သူများထံ ဘာပခြာပခြျင်ပါသလဲ။

**Brittany:** COVID-19 ကာကွယ်ဆေးထိုးခြင်းနှင့် သင့်ကျန်းမာရေးစောင့်ရှောက်မှုအကခြာင်း ကောင်းစွာနားလည်နိုင်ရန် မေးမြန်းရန်လိုအပ်သည့်မေးခွန်းအားလုံးကို မေးရန် အချိန်ပေး ပါ။ တော်တော်များများက ဒီနိုင်ငံမှာနဖေို့ အများကြီးကြျော်ဖြတ်ပြီးပါမြို ကျန်းမာရေး စောင့်ရှောက်မှုသည် သင့်အတွက် အတားအဆီးမဖြစ်ပါစနေ့။ သင်ကိုယ်တိုင်၊ သင့်မိသားစုနှင့် သင့်သူငယ်ချင်းများအတွက် ကာကွယ်ဆေးကိုထိုးနှံပါ။

---

### အခြားဘာသာစကားအသုံးပမြြားအတွက် Hub ၏ ပငြ်ဆင်ထားမှုများ

အင်္ဂလိပ်စကားသည် မိမိ၏ မိခင်ဘာသာစကားမဟုတ်သောသူများအတွက် Hub သည် အာရဗီ၊ ဘော့စနီးယား၊ ဗမာ၊ ပငြ်သစ်၊ စပိန်နှင့် ဗီယက်နမ်ဘာသာစကားများ ဖြင့် ဘာသာပြန်ထုတ်ဝပေေး မည်ဖြစ်ပါသည်။ ၎င်းထုတ်ဝေမှုများ၏လင့်ခ်များကို မကာမြီ ကျွန်ုပ်တို့၏ ဝဘ်ဆိုက်တွင် လွှင့်တင်ပါမည်။ www.iowacaregivers.org နှင့် Iowa Care GiversI Iowa Department of Human Rights နှင့် အခြားတွဲဖက်အဖွဲ့အစည်း များမှ အီလက်ထရွန်းနစ်ဖင့်ြ ဖန္ြဝပေါမည်။







# လူမျိုးပေါင်းစုံ၏ COVID ကာကွယ်ဆေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်း



ဒေါက်တာ Akinola သည် Iowa ရှိ Mercy Medical Center နှင့် Cedar Rapids ဘုတ်အဖွဲ့မှ လက်မှတ်ရ မိသားစုဆရာဝန် တစ်ဦးဖြစ်ရုံမက၊ ရရေှည်လက်တွဲလုပ်ဆောင် လာသည့်လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်ပြီး၊ ၎င်းသည် ၂၀၁၃ ခုနှစ် ကတည်းက ဆေးရုံဆရာဝန်အဖြစ် တာဝန် ထမ်းဆောင်နသေူတစ်ဦးဖြစ်ပါသည်။ ၎င်းသည် တစ်နှစ်လျှင် လူနာ ပေါင်း ၃□၀၀၀ ခန့် ကို ဆေးကုသပေးရပြီး၊ လွန်ခဲ့သော နှစ်အနည်းငယ် အတွင်းကုသပေးခဲ့ရသည့်လူနာများတွင် COVID လူနာများစွာပါဝင်ခဲ့ သည်။

**မေးခွန်း-** ကျွန်မသည် ဆေးရုံတွင် လက်ထောက်အဖြစ် အလုပ်လုပ်နသေော လူမည်းအမျိုးသမီးတစ်ဦးဖြစ်ပါသည်။ ၁၉၃၀ ခုနှစ်လောက်က လူမည်းအမျိုးသားများကို ၎င်းတို့အားအသိပေးမပဘြဲ သုတသေနမှာ အသုံးပခြုသည့် Tuskegee Study အကခြာင်းများကို ကျွန်မဖတ်ဖူးပါသည်။ ထို့ကခြာင့် နှစ်ပေါင်းများစွာကဘြည့်တိုင် ယခုအချိန်အထိ နိုင်ငံရေးသမားများ (သို့) အစိုးရ၏စနစ်များအပေါ် ယုံကည််မှု သိပ်မရှိပါ။ ကျွန်မတို့နှင့် အတူနထေိုင်သော ကျန်းမာရေးမကောင်းသည့် သက်ကြီးရွယ်အိုမိခင်ကို စိတ်ပူသောကခြာင့်၊ ဘယ်သူဟာ အားကိုးထိုက်သလဲဆိုတာကို သိလိုပါတယ်။ ကျွန်မအမကေို ဒါမှမဟုတ် အလုပ်မှာကျွန်မ ကည််ရှုစောင့်ရှောက်ပေးရတဲ့သူ တွကေို မထိခိုက်စချေင်ဘူး။ အတိတ်က ကျရှုံးခဲ့တဲ့ စနစ်တစ်ခုအပေါ် ကျွန်မပန်ြလည်ယုံကည််နိုင်ဖို့ ရှင်ဘာပခြာနိုင်သလဲ။

**Dr. Akinola:** ကျွန်ုပ်တို့သမိုင်း၏ နာကျင်စရာအစိတ်အပိုင်းများကို နိုင်ငံတစ်ခုအနဖေြ့် ငြင်းဆို၍ မရသကဲ့သို့ ကပ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး အကျပ်အတည်းတစ်ခု ဖြစ်ကခြာင်းကိုလည်း ကျွန်ုပ်တို့ ငြင်းဆိုလို့မရပါ။ ဒီအကပြြအတည်းက မတူကွဲပဘြားသည့် ကျွန်တော်တို့အားလုံးကို အဖြေရှာရန်တာဝန် ပေးခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ ကုမ္ပဏီ များစွာမှ COVID ကာကွယ်ဆေးများ ဖွံ့ဖိုးြတိုးတက်ရေးတွင် ကီးြမားသော သုတသေနပမြုတွင် လူမျိုးအသီးသီးမှ အဆင့်မြင့် သိပ္ပံပညာရှင်များ ပါဝင်ခဲ့သည်ကို သတိပုပြ့်သည်။ ထို့ထက် ပို၍အရေးကီးြသည်မှာ ဤကာကွယ်ဆေးများကခြာင့် သန်းပေါင်းများစွာသော လူများ ဆေးရုံတက်ကုသခြင်းနှင့် အသက်ဆုံးရှုံးမှုများမှ ကယ်တင်နိုင်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် လူတစ်ဦးချင်းစီ၏ယုံကည််မှုကို ပန်ြလည်ရယူ နိုင်ရန်ကျွန်တော်လုပ်ဆောင်မည် မဟုတ်သော်လည်း COVID-19 သည် လူမခြာက်များစွာရဲ့ အသက်ကိုဆုံးရှုံးစနေိုင်သည့် ပဿြနာတစ်ခုဖြစ်ပြီး၊ကာကွယ်ဆေးများသည် အသက် ဆုံးရှုံးခြင်းမှ အတိုင်းအတာတစ်ခုအထိ ကူညီပေးနိုင်ခဲ့ပါသည်။

**မေးခွန်း-** ကျွန်မအရာရာကို အလွန်စိတ်ပျက်နမေိတယ်။ အစပိုင်းမှာတော့ လမ်းညွှန်ချက်အမျိုးမျိုး တွနေ့ဲ အကံပြုချက်တွကေို အမီလိုက်ဖို့ ကိုးြစားခဲ့ပမေယ့် မကဘြခဏဆိုသလို ပခြာင်းလဲ နသေောကခြာင့် ကျွမ်းကျင်သူတွတေောင် သူတို့ပခြာနတောတွကေို သိနရေဲ့လားလို့ တောင် သံသယဖြစ်မိပါတယ်။ အဖြစ်အပျက်တွကေ မန်ြဆန်လွန်းတယ်၊ ကာကွယ်ဆေးကခြာင့် ပငြ်းထန်တဲ့ဘေးထွက် ဆိုးကျိုးတွေ ခံစားရမှာကို ကခြာက်တယ်။ ကာကွယ်ဆေးအလျင်စလို ထုတ်လုပ်ခြင်းကို ကည််ခြင်းအားဖြင့် ဤကာကွယ်ဆေးများသည် ယုံကည််စိတ်ချ ရမယ်လို့ထင်ပါသလား။

**Dr. Akinola:** ဒီစိတ်ပျက်စရာတွဟော သင်တစ်ယောက်ထဲ ကုံတွေ့နရေတာမဟုတ်ပါဘူး။ သိပ္ပံပညာဆိုတာ ကျွန်ုပ်တို့၏စူးစမ်းလေ့လာခြင်း၊ စမ်းသပ်ခြင်းနှင့် ရှာဖွတွေ့ရှိချက်များ ဖင့််မှန်ကန်ကခြာင်း အတည်ပလြုပ်ဆောင်ရခြင်း ဖြစ်ကခြာင်း နားလည်စလေိုပါသည်။ ဤဆိုးရွားသည့်ဗိုင်းရပ်စ်ပိုးသည် မျိုးကွဲသွားပြီး ပငြ်းထန်စွာ ပျံ့နှံ့နခေြင်းကခြာင့် သတ်မှတ်ပမြဌာန်းထားသည့် ပည််သူ့ကျန်းမာရေး လမ်းညွှန်ချက်များ ပခြာင်းလဲနရေခြင်း ဖြစ်ပါသည်။ ကမ္ဘာတဝှမ်းရှိ သန်းပေါင်းများစွာသောလူများ သဆေုံးမှုများက အခခြေအနေ များကို ပိုမိုဆိုးဝါးစခေဲ့ပါသည်။ ဒါကခြာင့်မလို့ ဘာမှမရှိတာထက်စာရင် သခေခြင်းတရား ကို တားဆီးတဲ့အရာတစ်ခုခုရှိနတောက ပိုမကောင်းဘူးလား။

ကျွန်တော်တို့ပုံမှန်ဘဝသို့ ပန်ြသွားနိုင်ရန် ရှေ့တန်းမှ ရပ်တည်ကာ အဖြေရှာသူများ၏ ရည်ရွယ်ချက်ကို မေးခွန်းထုတ်မည့်အစား၊ ကျွန်ုပ်တို့ ရရှိထားသည့် အချက်အလက်များကို အသုံးပပြီးြ မိမိနှင့် မိမိလူ့အဖွဲ့အစည်း ဘေးကင်းလုံခုံစြရေန်အတွက် လုပ်ဆောင်သင့်သည်ဟု ကျွန်ုပ်အကံပြုလိုပါသည်။

**မေးခွန်း-** လူဖြူမြဟုတ်သောသူတွမှော နဂိုကျန်းမာရေးအခခြေအနအေချို့ရှိနနေိုင်ပါတယ်။ ထိုအရာက အခြားသူများထက် ကာကွယ်ဆေးထိုးရာတွင် ပိုမိုပငြ်းထန်သော ဘေးထွက် ဆိုးကျိုးများ၏အန္တရာယ်များကို တိုးလာစနေိုင်ပါသလား။

**Dr. Akinola:** အရေးကီးြတဲ့မေးခွန်းကိုမေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဟုတ်တယ်၊ လူဖြူညြီအကိုမောင်နှမတွထေက် လူမည်းတွဟော သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်ပျက်ခြင်း စတာတွဖေစြိနိုင်ခြေ ပိုများတယ်။ အဲဒါကခြာင့် အသက်တွေ မဆုံးရှုံးရအောင် COVID ကာကွယ်ဆေးကို ထိုးနှံရန်အရမ်းအရေးကီးြတယ်။ ကာကွယ်ဆေးများကခြာင့် လူအနည်းစုတွင်သာ ဘေးထွက်ဆိုးကျိုးခံစားကရြသော် လည်း၊ သင့်ချိုင်းများတွင်ရှိနသေည့်ရာပေါင်းများစွာသောသူတွဟော ကာကွယ်ဆေး ထိုးရန် အခွင့်အရေးရခဲ့မယ်ဆိုရင် ယခုအချိန်အထိ အသက်ရှင်နကေြဆဲ ဖြစ်ပါလိမ့်မည်။

သင်ရဲ့မေးခွန်းကို ဖြေရမယ်ဆိုရင်၊ သင်သည် ကာကွယ်ဆေး၏ဘေးထွက်ဆိုးကျိုးများ ကခြာင့်ဖြစ်ပေါ်လာနိုင်သည့်ပဿြနာများထက်၊ ကာကွယ်ဆေးမထိုးထားဘဲ COVID ကူးစက်ခံရပါက ဆေးရုံတက်ရခြင်းနှင့် ပငြ်းထန်သောရောဂါကခြာင့် သဆေုံးနိုင်ချေပိုများသည်။



TULIP

## “တစ်ခါတစ်လေ ငါတို့ ဝမ်းနည်းပမေယ့် အကူအညီပေးမယ့်သူ ရှိပါတယ်”

တိုင်ပင်ဆွေးနွေးအကြံပြုပေးခြင်း၊စိတ်ကျန်းမာရေးအတွက် - အောက်ပါ ဖုန်းလိုင်းများကို ဆက်သွယ်နိုင်ပါသည်။

**Iowa Concern Hotline:** 800.447.1985

**Iowa Warm Line:** 844.775.9276

**Spanish Line:** 531.800.3687

**Covid Recovery Iowa:** www.covidrecoveryiowa.org

**Your Life Iowa:** https://yourlifeiowa.org



ZIGGY

လက်ကိုဆေးကြောခြင်းသည် ကျွန်ုပ်တို့၏ ရုပ်ပိုင်း ဆိုင်ရာ ကျန်းမာရေးအတွက် အလွန် အရေးကြီးသကဲ့သို့ ကျွန်ုပ်တို့၏စိတ်ကျန်း မာရေးသည်လည်း အလွန်အရေးကြီးပါသည်။ လူသား တွေ ပွေ့ဖက်ဖို့ လိုအပ်ရင် ကျွန်တော်က သူတို့အတွက် အသင့်ရှိနေပေါ်တယ်။ တယောက်နဲ့တယောက် အမြဲ ဖေးမ ကူညီကြစို့အောင်!



FIN

ကျွန်တော်လုပ်သလို လုပ်ပါ… ပန်းတွေရဲ့ ရနံ့နှင့် ကိုယ်နှစ်သက်တဲ့တခြားရနံ့တွေခံဖို့ အချိန်ပေးတယ်။ တစ်ခါတလေ ကျွန်တော် ကကြိုက်တဲ့အရာကို အိမ်ထဲ ယူလာပြီး ဝှက်ထားတာမျိုးတွေလည်း ရှိတယ်။ ရန့်တွေ က အလုပ်နှင့်သတင်းတွေကြောင့် စိတ်ဖိစီး နေတဲ့ လူတွေရဲ့အာရုံကို ခဏတာ လွှဲစေနိုင် ပါသည်။ ထိုအရာတွေကို ကြည့်ရတာ ပျော် စရာလည်းကောင်းသလို စိတ်ကျန်းမာရေး အတွက် လည်း ကောင်းပါတယ်။

အိမ်မွေးတိရိစ္ဆာန်များဖြစ်တဲ့ ကျွန်တော်တို့လည်း ကပ်ရောဂါရဲ့ ရိုက်ခတ်မှုကို ခံရပါတယ်။ လူသားအားလုံး ကာကွယ်ဆေးထိုးနှံကပြီး အရင်လိုပြန်လည်နေထိုင်နိုင်ဖို့ မျှော်လင့်ပါတယ်-

ဆောင်းဦး ဖဖော်ဝါရီမှာ ကွယ်လွန်သွားကြသူများ အောက်မေ့ သတိရခြင်း။ Hub ကို ပံ့ပိုးကူညီပေးကြတဲ့ ကျွန်ုပ်တို့ရဲ့ခြေလေး ချောင်းသတ္တဝါသူငယ်ချင်း များကို ကျေးဇူးတင်ပါတယ်။

SCOUT



တစေတစောင်ထဲတွင်လမ်းလျှောက် ရင်း အကြောင်းလေးများ ရှာဖွေခြင်း

BELLA




နေကာဖေးခါတွင် ရှဉ့်ကြည့်ရင်း သက်တောင့်သက်သာနေခြင်း

MAISY



နောက်ဖေးခါတွင်ဘောလုံး ကစားပြီးအနှစ်သက်ဆုံးစောင် ထဲကွေးနေခြင်း

INDI



*Treeing Squirrels and Evening Treats*

### အရင်းအမြစ်များ-

[ရောဂါထိန်းချုပ်ရေးစင်တာများ (CDC)]

[Medicare နှင့် Medicaid ဝန်ဆောင်မှုများအတွက် စင်တာများ (CMS)]

[COVID-19 အရင်းအမြစ်များ]

[အိုင်အိုဝါပြည်သူ့ကျန်းမာရေးဌာန (IDPH)]

[ကာကွယ်ဆေး အချက်အလက်များ]

[COVID-19 အကြောင်းအား အစီရင်ခံခြင်း]

[Iowa Immunizes]



# The Go To Place

## FOR THOSE IN DIRECT CARE TO BE:

PREPARED | CONNECTED | INFORMED | EMPOWERED

## WHAT'S SO *special* ABOUT IOWA CAREGIVERS?

**IOWA CAREGIVERS (IC)** began in 1992 in the basement of a former nurse aide. IC is a nonprofit, nonpartisan organization devoted to sharing the independent voice of those in direct care. We strive to elevate the direct care workforce through programs and advocacy that will result in society placing a higher value on those who provide direct care; increase wages, and education and training that is consistent with a permanent record and credentials or certifications that follow you from one workplace setting or population served to another.



“WE'VE GOT YOUR BACKS AND YOUR BEST INTERESTS *at heart!*”

ဖုန်းဖြင့်သော်လည်းကောင်း၊ ဖုန်းနံပါတ် ၅၁၅.၂၂၃.၂၈၀၅ သို့မဟုတ် အီးမေးလ် လိပ်စာ information@iowacaregivers.org သို့ လိပ်မူ ပါ၍ဖြင့် (form) တစောင်းခံနိုင်ပါသည်။

ပညာရေးပရိုဂရမ်များ၊ တိုက်ရိုက်စောင့်ရှောက်မှုသတင်းများ၊ ကွန်ရက်ချိတ်ဆက်ခြင်းနှင့် အခြားအခွင့်အလမ်းများအကြောင်း၏ နောက်ဆုံးရသတင်းအချက်အလက်များကို ရယူပါ။

**Iowa CareGivers**
939 Office Park Road #332
West Des Moines, Iowa 50265

NONPROFIT
ORGANIZATION
U.S. POSTAGE PAID
DES MOINES, IA
PERMIT NO. 5294

IOWA CAREGIVERS
THE HUB
NEWSLETTER

## အိုင်အိုဝါ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် တန်းတူပါဝင်မှုဆိုင်ရာ ထုတ်ပြန်ချက်

အိုင်အိုဝါ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် ကျွန်ုပ်တို့၏လုပ်ငန်းကဏ္ဍအားလုံး တွင် မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် တန်းတူပါဝင်စေမှု စသည့်နယ်ပယ်များတွင် ပုံသက်သေ ကောင်းဖြစ်ရန် ကြိုးပမ်း လျက်ရှိပါသည်။ ဤထုတ်ပြန်ချက်သည် ဒါရိုက်တာဘုတ်အဖွဲ့မှ လက်ခံထားသော ထုတ်ပြန်ချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပြည်နယ်တွင် ဂုဏ်ယူစွာအလုပ်လုပ်နေသော ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးသူအများအပြားကို ကိုယ်စားပြုပြီး ကျွန်ုပ်တို့၏လုပ်ငန်းကဏ္ဍ အားလုံးတွင် အားလုံးတန်းတူညီမျှပါဝင်မှုကို ထောက်ခံအား ပေးပြီး တန်ဖိုးထားကာ မြှင့်တင်ပေးပါသည်။ အဖွဲ့အစည်းသည် လူတစ်ဦး ချင်းစီ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊ စေတနာ့ဝန်ထမ်းများ ခေါ်ယူခြင်းနှင့် ကျွန်ုပ်တို့နည်းတူ မတူကွဲပြားမှုများကို ပံ့ပိုးပေးသည့် အစီအစဉ်များနှင့်အတူလက်တွဲ လုပ်ဆောင်နေပါသည်။

ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဆင့်တိုင်းတွင်၊ Iowa Care Givers သည် အဖွဲ့အစည်း အတွင်း ပိုမိုများပြားသော ကွဲပြားမှုများကို ရည်စူးပြီး လူမျိုး၊ ဘာသာ၊ အသားအရောင်၊ နိုင်ငံ ခြားသားဖြစ်ခြင်း၊ လူမျိုး နွယ်စု၊ ကျား/မခွဲခြားခြင်း၊ ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာ စွမ်းရည်များ၊ မျိုးရိုးဗီဇအချက်အလက်၊ ကိုယ်ဝန်သည်၊ မသန်စွမ်းမှု၊ အသက်အရွယ်၊ မိသားစု (သို့) အိမ်ထောင်ရေးအခြေအနေ၊ စစ်မှုထမ်းဟောင်းဖြစ်ခြင်းနှင့် လူမှုစီးပွားအခြေအနေ (သို့) တည်ဆဲဥပဒအရ ကာကွယ်ပေးထားသည့် အခြားသော အရာများအပေါ် ခွဲခြားမှုမရှိဘဲ လူတိုင်းအား တန်းတူအခွင့်အရေးပေးနိုင်ရန် ရည်ရွယ်ပါသည်။

ပြုစုစောင့်ရှောက်ပေးသူ၊ အလှူရှင်၊ စေတနာ့ဝန်ထမ်း၊ ထောက်ခံအားပေးသူနှင့် ဝန်ထမ်းတစ်ဦးချင်းစီတိုင်းသည် ကျွန်ုပ်တို့၏ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိရမည် ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ လူမျိုး၊ အဆင့်အတန်းခွဲခြားမှုများကို လျော့ကျနိုင်စေရန် ပြည်နယ်တစ်ဝှမ်းရှိ အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ရမည့် အခန်းကဏ္ဍ၊ တာဝန်နှင့် အခွင့်အလမ်းများ ရှိကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

**ကျွန်ုပ်တို့ ဝဘ်ဆိုဒ် www.iowacaregivers.org ကို လာရောက်ကြည့်ရှုပြီး Facebook နှင့် Twitter တို့တွင် ကျွန်ုပ်တို့အား follow လိုက်ရန်ဖိတ်ခေါ်အပ်ပါသည်။**

**အမည် (သို့) ဆက်သွယ်ရန်လိပ်စာ အချက်အလက်များ အပြောင်းအလဲရှိပါက ကျွန်ုပ်တို့အား အသိပေးရန် မမေ့ပါနှင့်၊ သို့မှသာ Iowa Care Givers HUB နှင့် အခြားသော အစီအစဉ်ကြေငြာချက်များကို ဆက်လက်ရရှိနိုင်မည်ဖြစ်ပါသည်။ ကျေးဇူးတင်ပါသည်။**

Iowa Care Givers သည် ၎င်း၏ပညာပေးအစီအစဉ်များနှင့် လုပ်ရှားမှုများတွင် လူမျိုးရေး၊ အယူဝါဒ၊ မွေးဖွားရာ ဇာတိ၊ မျိုးရိုး၊ အသားအရောင်၊ ဘာသာရေး၊ လိင်၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ စစ်မှုထမ်းဟောင်းဖြစ်ခြင်း၊ လိင်စိတ်ခံယူမှု သို့မဟုတ် သက်ဆိုင်ရာ ပြည်နယ်နှင့် ဖက်ဒရယ်ဥပဒေများအောက်ရှိ အခြားအကာအကွယ် ပေးထားသည့် လူတန်းစားများအပေါ် ခွဲခြားဆက်ဆံခြင်းများမရှိပါ။